# ပြည်တွင်းနှင့် ပြည်ပသတင်းဌာနများသို့ မေတ္တာရပ်ခံခြင်း

မြန်မာနိုင်ငံတွင် သတင်းသမားတယောက် အဖြစ်ရပ်တည်လုပ်ကိုင်ရန် အလွန်ခက်ခဲသည့် စိမ်ခေါ်မှုများကို ကျော်ဖြတ်ရင်ဆိုင်ရသည်ကို သတင်းမီဒီယာနယ်ပယ်မှ ပုဂ္ဂိုလ်များ အားလုံး သိရှိပြီးဖြစ်ပါလိမ့်မည်။ ယမန်နှစ် ဖေဖော်ဝါရီ ၁ ရက်နေ့ နောက်ပိုင်း သတင်းစာဆရာအဖြစ် ဆက်လက်လုပ်ကိုင် အသက်မွေးရန် ပိုမိုခက်ခဲသည့် အခြေအနေမျိုး ရောက်ရှိခဲ့ပြီး ထပ်မံပေါ်ပေါက်လာသည့် အန္တရာယ်များကိုလည်း ရင်ဆိုင်နေရသည့် အနေအထား၊ အချိန်အခါသို့ရောက်ရှိနေပါသည်။

လွတ်လပ်သည့် သတင်းမီဒီယာများတွင် သတင်းသမားအဖြစ် အသက်မွေးဝမ်းကြောင်း လုပ်ကိုင်မည့် သူတယောက်အဖို့ အချိန်မရွေး ဖမ်းဆီးခံရနိုင်သလို အဆိုးဆုံးအခြေအနေမျိုးတွင် အသက်အန္တရာယ်ကျရောက်နိုင်သည်အထိ ခြိမ်းခြောက်မှုများ ရှိနေသည်ကို သိရှိကြပြီးဖြစ်ပါသည်။

ယခုလိုအချိန်ကာလတွင် သတင်းသမားများ၏ အလုပ်အကိုင်အခွင့်အလမ်း နှင့် လုပ်အားခ ခံစားခွင့်များကို သတင်းမီဒီယာနယ်ပယ်တွင် ပါဝင် လုပ်ကိုင်နေကြသည့် တာဝန်ရှိသူအသီးသီးအနေဖြင့် အတတ်နိုင်ဆုံး လုပ်ဆောင်ပေးရန်၊ ထိုက်သင့်သည့် လစာ၊ ထောက်ပံ့မှုများ စီမံဆောင်ရွက်ပေးရန် အရေးတကြီး လိုအပ်နေချိန်လည်း ဖြစ်ပါသည်။

အထူးသဖြင့် လခစားသတင်းထောက်ဖြစ်ပါက ထိုက်တန် လုံလောက်သည့် နေထိုင်စားသောက်စရိတ် သို့မဟုတ် အလွတ်တန်းသတင်းထောက်ဖြစ်ပါက ထိုက်တန်သည့် သတင်းစာမူခ ပေးအပ်ဖို့ တိုက်တွန်း နှိုးဆော်ပါသည်။ သတင်းသမားများ ကောင်းမွန်စွာ ရှင်သန်ရပ်တည်နိုင်ခြင်းနှင့် သတင်းဌာနအနေဖြင့်လည်း ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်ခြင်းတို့မှာ ခွဲခြားမရသည့် အရာဖြစ်ပါသည်။

သို့ဖြစ်ပါ၍ သတင်းဌာနများ အနေဖြင့် မိမိတို့နှင့် ဆက်သွယ် လုပ်ကိုင်လျှက်ရှိသည့် သတင်းသမားများ၊ မိမိတို့ သတင်းဌာနတွင် လုပ်ကိုင်လျှက်ရှိသည့် သတင်းသမားများနှင့် သတင်းသမားများ ထုတ်လုပ်ထားသည့် သတင်း၊ သတင်းဓါတ်ပုံ၊ ရုပ်သံသတင်းများကို သုံးစွဲရာတွင်လည်း အမည်ရည်ညွှန်းခြင်းအပြင် မူပိုင်ခွင့်ဆိုင်ရာ အကျိုးခံစားခွင့်များကိုလည်း လေးစားလိုက်နာ ကျင့်သုံးကြပါရန် တိုက်တွန်းအပ်ပါသည်။

မြန်မာဂျာနယ်လစ်ကွန်ရက်

## Request to Myanmar and International Media Agencies

People from the journalist field are aware of the struggles and difficulties journalists in Myanmar face to survive. Since the military coup on 1st February 2021, journalists have found it harder to continue to do their job.

Myanmar Journalist Network acknowledged reporters working for independent media agencies are likely to be arrested at any time and face life threatening incidents under the worst circumstances.

It is now time for all responsible media agencies to create paid work opportunities for journalists and to pay salaries appropriate to the assignment.

MJN would like to encourage media outlets to provide enough living allowance for the journalists who relied on monthly salary or to give decent loyalty for freelance journalists. Having a decent life for journalists and being a dignified media agency are indispensable.

MJN urges media outlets to respect copyright and to give credit when using news content, photographs and video footage gathered and produced by journalists working for your media agency or when using journalists from other smaller media networks.

**Myanmar Journalist Network**